မွေးဖွားခြင်းကြောင့် ဟရာမ်ဖြစ်စေတယ့်
တော်စပ်မှု‌များသည် နို့စို့ခြင်းကြောင့်လည်း
ဟရာမ်ဖြစ် စေသည်။
အာအိရှာဟ် (ရဿွိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်
(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မွေးဖွားခြင်းကြောင့်
ဟရာမ်ဖြစ်စေတယ့် တော်စပ်မှု‌များသည် နို့စို့ခြင်းကြောင့်လည်း ဟရာမ်ဖြစ် စေသည်။
[صحيح] [متفق عليه]
တမန်တော်မြတ် صلى الله عليه وسلم က ဤဟဒီးစ်တော်တွင် မိခင်ဘက်မှ‌တော်စပ်သည့်ဦးလေး၊
ဖခင်ဘက်မှတော်စပ်သည့် ဦး‌လေး သို့မဟုတ် ညီအစ်ကိုမောင်နှမတို့နှင့်
သွေးသားတော်စပ်မှုကြောင့်(နိကဟ်ပြုခြင်း) ဟရာမ်ဖြစ်သလို၊ နို့စို့ခြင်းကြောင့် (
တော်စပ်သည့် နို့စို့ဘက် ညီအစ်ကိုမောင်နှမများနှင့်လည်း နိကဟ်ပြုခြင်း)
ဟရာမ်ဖြစ်ကြောင်း ရှင်းလင်းတင်ပြတော်မူခဲ့သည်။ ထို့ပြင် နို့စို့ခြင်းသည်
မွေးဖွားခြင်းကဲ့သို့ပင် အခြားသောအမိန့်ပညတ်ချက်များကိုလည်း ခွင့်ပြုထားသည်။
https://sunnah.global/hadeeth/my/show/4311